To Restore "Self-Determination Rights" to the Mon People

# ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်လာမှုအပေါ်
# မွန်အမျိုးသားရေးရာအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်လာမှုကို မွန်အမျိုးသားရေးရာအဖွဲ့ချုပ် (MAU) က ကြိုဆိုပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ဖော်ဆောင်နိုင်ရန် ကြိုးစားခဲ့မှုကြောင့် လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ အတွင်း ၁၅ နှစ်နီးပါး မတရားအထိန်းအသိမ်းခံလာခဲ့ရသူ ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်လာမှုကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုသည်နှင့်တစ်ဆက်တည်း နိုင်ငံရေးအကျဉ်းသားအားလုံးကိုလည်း ချွင်းချက်မရှိလွှတ်ပေးရန် မြန်မာ့စစ်အစိုးရကို တောင်းဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာပြည်သူအားလုံးအတွက် ဒီမိုကရေစီ၊ တန်းတူညီမျှမှုနှင့် ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန် ရည်ရွယ်သည့် ခိုင်မာသောယုံကြည်ချက်၊ ပြတ်သားသည့် ရပ်တည်ချက်များအတွက် တိုင်းရင်းသားအားလုံး၏ ထောက်ခံမှုကို တခဲနက် ရရှိထားသူဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် နှစ်ပေါင်း ၆၀ ကျော်ကြာသည့်တိုင် မဖြေရှင်းနိုင်သေးသော တိုင်းရင်းသားပဋိပက္ခများကို ငြိမ်းချမ်းသည့်နည်းဖြင့် အဖြေရှာနိုင်ရန် ဦးဆောင်မှုပေးနိုင်မည့် အဓိကအင်အားတစ်ခုပင် ဖြစ်သည်။ မွန်တိုင်းရင်းသားခေါင်းဆောင်များအပါအဝင် တိုင်းရင်းသားခေါင်းဆောင်များနှင့် ထင်ရှားသည့်ဗမာ့နိုင်ငံရေးခေါင်းဆောင်များ အဆိုတင်သွင်းသည့် က လေး မြို့ ကြေ ညာ စာ တမ်း ပါ ဒု တိ ယ ပင် လုံ ညီ လာ ခံ ကျင်း ပ ရေး အ စီ အစဉ်ကို ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ထောက်ခံသည့်အတွက်လည်း မွန်ရေးရာအဖွဲ့ချုပ် က ကြိုဆိုပါသည်။ ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ်အခြေခံသည့် ဒုတိယပင်လုံညီလာခံကသာ အမျိုးသားရင်ကြားစေ့ရေးနှင့် ပဋိပက္ခအားလုံးစုံ၏နိဂုံးဆီကို ဦးတည်စေမှာဖြစ်ပါသည်။ ထို့ကြောင့် ယခုရရှိသည့် အခွင့်အလမ်းကို အမိအရဆုပ်ကိုင်ပြီး "မြန်မာပြည်သူပြည်သားများအတွက် တရားမျှတမှုနှင့် လွတ်လပ်မှုဖော်ဆောင်ရာတွင် အတူတကွလက်တွဲအလုပ်လုပ်နိုင်ရန် များစွာမျှော်လင့်ကြောင်း" ဟူသည့်သတင်းစကားကို ဒေါ်အောင်ဆန်းစုကြည်ထံပါးလိုပါသည်။

နိုဝင်ဘာ ၇ ရက်နေ့တွင် ကျင်းပသည့်ရွေးကောက်ပွဲသည် လွတ်လပ်မှုနှင့် တရားမျှတမှုမရှိပေ။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီခေါ် စစ်အစိုးရ၏ကိုယ်ပွားပါတီက ကျူးလွန်သည့် မဲမသမာမှုများလည်း နေရာအနှံ့ဖြစ်ပွားခဲ့သည်။ အဆိုပါရွေးကောက်ပွဲသည် စစ်အာဏာရှင်စနစ်ကို တရားဝင်ဖြစ်အောင် စစ်အစိုးရက အသေအချာအကွက်ချစီစဉ်ထားသည့် လုပ်ဇာတ်

တစ်ခုပင်ဖြစ်သည်။ ရွေးကောက်ပွဲအတွင်း မမျှတလုပ်ဆောင်မှုကြောင့် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (ဒီကေဘီအေ) နှင့် မြန်မာ့တပ်မတော်တို့အကြား လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွားခဲ့သည့်အတွက် စစ်ပြေးဒုက္ခသည် ၂၀၀၀၀ ကျော် ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ထို့အပြင် ရှမ်းပြည်နယ်၌လည်း မြန်မာ့တပ်မတော်နှင့် ရှမ်းပြည်တပ်မတော်မြောက်ပိုင်းတို့အကြား လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ အခြားအပစ်အခတ်ရပ်ဆဲထားသည့် တိုင်းရင်းသားအဖွဲ့များအတွင်းလည်း မိမိတို့၏လက်နက်ကိုင်တပ်များကို တပ်လှန့်ထားပြီး ဗမာ့စစ်တပ်က ၄င်းတို့ကို တိုက်ခိုက်လာမည်ဆိုပါက ခုခံနိုင်ရန် စစ်ရေးပြင်ဆင်မှုများ လုပ်လာနေကြပြီဖြစ်သည်။ နိုင်ငံရေးပြဿနာများကိုဖြစ်စေ၊ တိုင်းရင်းသားပဋိပက္ခများကိုဖြစ်စေ မျှတမှုမရှိသည့် ရွေးကောက်ပွဲကျင်းပပေးသည့်နည်းဖြင့် မဖြေရှင်းနိုင်သည်မှာ အထင်အရှားပင်ဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (**NLD**)၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် မြန်မာစစ်အစိုးရတို့ သုံးပွင့်ဆိုင်ဆွေးနွေးအဖြေရှာသည့်နည်းကသာ အဆိုပါပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မွန်အမျိုးသားရေးရာအဖွဲ့အနေဖြင့်

- ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပပြီးစီးသွားသည့် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုဖို့၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအဖြေအတွက် သုံးပွင့်ဆိုင်ဆွေးနွေးရေးစကားဝိုင်းထဲ စစ်အစိုးရပါဝင်လာစေရန် ဆက်လက်ဖိအားပေးဖို့ နိုင်ငံတကာအသိုင်းအဝိုင်းကိုလည်းကောင်း၊
- ကျန်ရှိနေသေးသောနိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးဖို့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များနှင့်အတူ စစ်မှန်သည့်တွေ့ဆုံဆွေးနွေးရေးစကားဝိုင်းထဲပါဝင်ဖို့ မြန်မာ့တပ်မတော်အစိုးရကိုလည်းကောင်း၊
- ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် လွတ်လပ်မှုတို့အပေါ်အခြေခံမည့် ဒုတိယပင်လုံညီလာခံကို ထောက်ခံအားပေးဖို့ ဗမာအပါအဝင် တိုင်းရင်းသားလူမျိုးများအားလုံးကိုလည်းကောင်း

အလေးအနက်တိုက်တွန်းလိုပါသည်။

၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့် (၁၅ ရက်) နေ့ — ဗဟိုကော်မတီ
၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၁ ရက် — မွန်အမျိုးသားရေးရာအဖွဲ့ချုပ်

ဆက်သွယ်ရန်
နိုင်လရီရှော့ (အထွေထွေအတွင်းရေးမှူး)
Mobile Ph: (+၆၆) ၀၈၂ ၆၄၈ ၂၄၄၉
Email: monaffairsunion@yahoo.com